# မာတိကာ


| | စာမျက်နှာ |
|---|---|
| အင်းဆက်ပိုးများ | ၇ |
| **အင်းဆက်ပိုးလောက** | ၈ |
| အင်းဆက်ပိုး၏အမျိုးနီးစပ်များ | ၁၀ |
| အင်းဆက်ပိုးတို့၏ ထူးခြားသည့်လက္ခဏာများ | ၁၂ |
| အရေခွံလဲခြင်း | ၁၄ |
| ပျံသန်းခြင်း | ၁၆ |
| အာရုံခံခြင်း | ၁၈ |
| အဝဖြစ်စဉ်–အသွင်ပြောင်းပုံများ | ၂၀ |
| မျိုးပွားခြင်း | ၂၂ |
| ရန်သူ့ဘေးမှလှည့်စားကာကွယ်ပုံ | ၂၄ |
| **အင်းဆက်ပိုးမျိုးစဉ်များ** | ၂၆ |
| သက်ရှိရှေးအင်းဆက်ပိုးများ | ၂၆ |
| လေထဲတွင်လှည့်လည်ပျံသန်းခြင်း | ၂၈ |
| သိမ်မွေ့သည့်ပုစဉ်းငယ်မျိုးများ | ၃၀ |
| သက်တမ်းတိုသည့်မေပျံကောင်များ | ၃၁ |
| ပိုက်ကွန်ပုံတောင်ပံရှိအင်းဆက်ပိုးများ | ၃၂ |
| လိပ်ပြာ၊ ပလံနှင့်စကစ်ပါများ | ၃၅ |
| ပျံနေသောပန်း (လိပ်ပြာ) များ | ၃၆ |
| မျိုးဆက်ကွာခြားမှု | ၃၈ |
| မီးရောင်တိုးသည့် ပိုးဖလံများ | ၄၀ |
| အကျည်းတန်ဘဝမှ လှပခြင်းသို့ | ၄၂ |
| သက်ကြီးကောင်အလေ့အထနှင့် ခုခံကာကွယ်မှု | ၄၄ |
| စကစ်ပါများ | ၄၆ |
| စက်ဆုပ်ဖွယ်အင်းဆက်ပိုးများ | ၄၇ |
| ကြမ်းတမ်းသောအင်းဆက်ပိုးအုပ်စု | ၄၈ |
| ပိုးတောင်မာများ | ၅၄ |
| အပင်စားပိုးတောင်မာများ | ၅၆ |
| သားစားပိုးတောင်မာများ | ၆၀ |
| သန့်ရှင်းရေးပိုးကောင်များ | ၆၂ |
| အတ်ပိုးများ | ၆၄ |
| အတ်ပိုးအစစ်များ | ၆၈ |
| နှောင့်ယှက်တတ်သောအတ်ပိုးများ | ၇၀ |
| ရှပ်ဖျက်အင်းဆက်ပိုးများ | ၇၂ |
| လမ်းလျှောက်သော တုတ်နှင့်သစ်ရွက်များ | ၇၆ |
| ညထွက်အင်းဆက်ပိုးများ | ၇၉ |
| **စုပေါင်းနေအင်းဆက်ပိုးများ** | ၈၀ |
| ဆောက်လုပ်–ဖျက်ဆီးသူများ | ၈၀ |
| အလုပ်များသည့်ပုရွက်ဆိတ်များ | ၈၂ |
| အကြံကောင်းသောနကျယ်များ | ၈၄ |
| စက္ကူလုပ်သည့်နကျယ်များ | ၈၈ |
| ပျားများ | ၈၉ |
| ပျားအုံအတွင်းဝယ် | ၉၀ |
| တကောင်ချင်းနေပျားများ | ၉၂ |
| **ပင့်ကူများ** | ၉၄ |
| **သက်ဝင်လှုပ်ရှားနေသော အင်းဆက်ပိုးလောက** | ၁၀၂ |
| **အင်းဆက်ပိုးများကိုနှိမ်နင်းခြင်း** | ၁၀၄ |
| **ချိပ်၊ ပျားရည်နှင့်ပိုးချည်** | ၁၀၆ |
| **ဝေါဟာရစာရင်း** | ၁၀၉ |


# အမှာစာ

ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်ရှိ ကလေးသူငယ်များ ဗဟုသုတ တိုးတက်ပွားများစေရန် ရည်ရွယ်၍ **ကလေးသူငယ်များအတွက် သုတရတနာသိုက်** ဟူသောအမည်ဖြင့် ဤကျမ်းကို ပညာရေးဝန်ကြီးဌာနက စီစဉ်ထုတ်ဝေလိုက်ပါသည်။

အဆိုပါကျမ်း၏မူရင်းမှာ Kodansha ကုမ္ပဏီမှ ဂျပန်ဘာသာဖြင့် ထုတ်ဝေသော ရောင်စုံရုပ်စုံကျမ်းဖြစ်ပါသည်။ ထိုရုပ်စုံကျမ်းကိုမှီး၍ Far East Publication International Pte Limited မှ အင်္ဂလိပ်ဘာသာဖြင့်ထုတ်ဝေသော The Children's Treasury of Knowledge ကျမ်းကို အဆင့်မြင့်ပညာဦးစီးဌာနနှင့် Time-Life စာအုပ်ကုမ္ပဏီတို့ပူးတွဲ၍ မြန်မာပြန် ကျမ်း တစ်စောင်အဖြစ် ရောက်အောင် ကြိုးပမ်းကြခြင်းဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနက ဤသို့စီစဉ်ထုတ်ဝေရာ၌ နိုင်ငံတော်၏ပညာရေးကို ကမ္ဘာ့ပညာရေးအဆင့်မီစေရန် ကြိုးပမ်းနေသည့်အားလျော်စွာ မြန်မာကလေးသူငယ်များသည် ကျောင်းပြဋ္ဌာန်းစာများအပြင် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကိုလည်း အလွယ်တကူ ရယူဆည်းပူးနိုင်ကြပါစေဟူသော အာသီသထားရှိပါသည်။

ဤ **သုတရတနာသိုက်** တွင်–

၁။ ယူနီဗာ့ဆ်နှင့် ရာသီဥတု
၂။ အပင်များ
၃။ ကမ္ဘာဦးသက်ရှိများ
၄။ ရေအောက်သက်ရှိများ
၅။ အင်းဆက်ပိုးများ
၆။ တိရစ္ဆာန်များ
၇။ သချ်ာ
၈။ အီလက်ထရွန်နစ်နှင့် စွမ်းအင်
၉။ ပို့ဆောင်ရေးယာဉ်များ
၁၀။ ဝါသနာပါရာ အပန်းဖြေစရာ

ဟူ၍ ဝိဇ္ဇာသိပ္ပံအသိပညာ အတတ်ပညာ စသည့် သုတရတနာများ ပါဝင်ကြပါသည်။ ထိုသုတရတနာများ သိုမှီးရာဖြစ်သောကြောင့် ကျမ်း၏အမည်ကို **သုတရတနာသိုက်** ဟူ၍ မှည့်ခေါ်ခြင်း ဖြစ်ပါသည်။

ဤကျမ်းကို အင်္ဂလိပ်ဘာသာမှ မြန်မာဘာသာသို့ မှန်မြတ်သောစေတနာဖြင့် ပြန်ဆိုကြသော ဆိုင်ရာဆိုင်ရာ ပညာရှင်ပုဂ္ဂိုလ်ကြီးများသည် စေ့စပ်သေချာစွာ ပြန်ဆိုစီစစ်ကြပါသည်။ သို့သော် ဘာသာတစ်ခုမှ အခြားဘာသာတစ်ခုသို့ တိတိကျကျ ပြန်ဆိုရန်မှာ မလွယ်ကူလှသော ကိစ္စတစ်ရပ်ဖြစ်ပါသည်။ တစ်ဘာသာနှင့် တစ်ဘာသာမှာ အနက်အဓိပ္ပာယ် အကျယ်အကျဉ်း အနက်အတိမ် စသည့် ခြားနားမှုများရှိမြဲဖြစ်ရာ မူရင်းအဓိပ္ပာယ် တိကျစေရန် အချို့အချို့သော မူရင်းဘာသာစကားလုံးများကို မြန်မာဘာသာသို့ မပြန်ဆိုပဲ အသံမျှသာ ဖလှယ်ထားပါသည်။ ဤသို့ အသံဖလှယ်ထားခြင်းကြောင့် မူရင်းဘာသာစကားနှင့် ရင်းနှီးမှု အကျိုးကိုလည်း ကလေးသူငယ်များ ရရှိနိုင်ပါသည်။

ပညာရှင်များ ယခုသုံးထားသော စကားလုံးများနှင့် အဓိပ္ပာယ်များထက် ပိုမိုကောင်းမွန်သင့်မြတ်သည့် စကားလုံးများ အဓိပ္ပာယ်များကို ဤကျမ်းကို လေ့လာဖတ်ရှုသူများက အကြံပေးစေလိုပါသည်။ ထိုသို့ အကြံပေးချက်များကို လေးလေးစားစား လေ့လာပြီး ဆီလျော်သည့်အချက်အလက်နှင့် စကားလုံးများကို အစားထိုးပြောင်းလဲရန် အသင့်ဖြစ်ပါသည်။

ဤကျမ်းတွင် ပါဝင်သည့် ပညာရပ်ဆိုင်ရာ အထွေထွေဗဟုသုတများကို လိုသလိုရွေးနုတ်၍ ဆည်းပူးနိုင်ကြပါသည်။ ကလေးသူငယ်များအတွက်ဟု ဆိုသော်လည်း ဤကျမ်းကို ဖတ်ရှုလေ့လာခြင်းဖြင့် ကလေးလူကြီးမရွေး ဗဟုသုတပွားများ၍ အသိဉာဏ်များ ပိုမိုအားကောင်းလာကြမည်။ ထို့ထက် တစ်ဆင့်တက်၍ သိလိုစိတ် စူးစမ်းရှာဖွေလိုစိတ်နှင့် သုတပွားလိုစိတ်များ ဆက်ကာဆက်ကာ ဖြစ်ပေါ်လာကြပါက ဤကျမ်းထုတ်ဝေရခြင်း၏ရည်ရွယ်ချက်အောင်မြင်သည်ဟု မှတ်ယူရပေမည်။

ပညာရေးဝန်ကြီးဌာန